# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

August 8 , 2022 — Volume 57, Number 6


| ၈.၈.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၇၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၆၅၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၁၃၇.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၂၁.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၃၅.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၆၀.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၀.၅၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၃၇၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၉၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၀.၉၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၆၆၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## ရွှေပိတောက်ငါးဈေးသို့ တစ်ရက်လျှင် ရေချိုကုန်ချိန်နှစ်သိန်းနှင့် ရေငန်ကုန်ချိန် ငါးသောင်းဖြင့် ရေထွက်ကုန်စီးဆင်းနေ

ရန်ကုန်တိုင်းဒေသကြီးနှင့် ကျန်သောတိုင်းဒေသနှင့်ပြည်နယ်များသို့ ရေထွက်ကုန်ပစ္စည်း အဓိကတင်ပို့နေသော ရန်ကုန်မြို့လှိုင်မြို့နယ်ရှိ ရွှေပိတောက်ငါးဈေးကြီး၌ တစ်ရက်လျှင် ရေချိုပစ္စည်းကုန်ချိန် နှစ်သိန်းနှင့် ရေငန်ပစ္စည်းကုန်ချိန် ငါးသောင်းဖြင့် ကုန်စည်စီးဆင်းနေကြောင်း သိရသည်။

ယခင်က တစ်ရက်လျှင် ရေထွက်ပစ္စည်းကုန်ချိန် သုံးသိန်းမှငါးသိန်းကြား အရောင်းအဝယ်ရှိခဲ့ပြီး ဇွန်လပိုင်းမှစ၍ ရေထွက်ကုန်ဝင်ရောက်မှုနှင့် တစ်ဆင့်ပြန်လည်ရောင်းချမှု လျော့ကျခဲ့ခြင်းဖြစ်ရာ ဩဂုတ်လ ပထမပတ်၌ တစ်ရက်လျှင် ကုန်ချိန်နှစ်သိန်းခွဲဖြင့် ရောင်းဝယ်လျက်ရှိသည်။ အစာဈေးမြင့်လာမှုကြောင့် ငါးမွေးကန်များ သားပေါက်ပြန်လည်မွေးမြူမှုနည်းလာခြင်း၊ ရေချိုမွေးမြူမှု နည်းလာခြင်း၊ ရေချိုမွေးမြူသူများ အမြတ်ရရှိမှုအခွင့်အလမ်းနည်းလာခြင်းနှင့် အလတ်စားနှင့် အသေးစား မွေးမြူမှုလျော့နည်းလာခြင်းကြောင့်လည်းကောင်း၊ ပင်လယ်ငါးဝင်ရောက်မှုတွင် ငါးကြီးများကို ထိုင်းနိုင်ငံသို့တင်ပို့ပြီး ဈေးကွက်နည်းသော ငါးအသေးများကို ဈေးကွက်သို့တင်ပို့ခြင်း၊ ရန်ကုန်ငါးဈေးတွင် ရောင်းချနိုင်ရန် စစ်တွေနှင့် ထားဝယ်ဒိုင်ဖွင့်၍ ငါး/ပုစွန် တစ်ဆင့်ဝယ်ယူကာ ရန်ကုန်ဈေးကွက်သို့တစ်ဆင့်ပြန်လည်တင်ပို့နေရခြင်းတို့ကြောင့်လည်းကောင်း ရန်ကုန်တွင် ငါး/ပုစွန်ဈေးနှုန်း မြင့်တက်လာခြင်းဖြစ်သည်။

“ကျွန်တော်တို့ဈေးမှာ ရေထွက်ကုန်ဈေးနှုန်းတက်တယ်။ အကြောင်းရင်းက ပင်လယ်ပြင်မှာ ငါးအထိအမိရှိပေမယ့် ရန်ကုန်ဆိပ်ကမ်းကိုငါးလှေတွေ ဝင်လာရင် ငါးကောင်းတွေမပါတော့ဘူး။ ငါးအသေးတွေပဲ ပါလာတယ်။ ရေငန်ငါးက သိသိသာသာကို အဝင်နည်းသွားတာ တစ်လနီးပါးရှိပြီ။ ရေချိုမွေးငါးဆိုရင် အစာဈေးနှုန်းမြင့်တဲ့အတွက် မွေးမြူမှုလျော့သွားပြီး လုပ်ငန်းရှင်ကြီးတွေပဲ မွေးမြူနိုင်တော့တယ်။ ဝယ်လိုအားနဲ့ ရောင်းလိုအားမှာ အခက်အခဲရှိလာတာကြောင့် အရောင်းအဝယ်ဆက်ပြီး ယိုင်မသွားအောင် ဌာနဆိုင်ရာနဲ့ ဈေးသာယာရေးကော်မတီအားလုံး ဝိုင်းဝန်းပြီးပူးပေါင်း ဆောင်ရွက်နေကြပါတယ်။ အရှုံးများလာရင်တော့ ငါးဒိုင်တွေရပ်သွားနိုင်တယ်” ဟု ရွှေပိတောက်ငါးဈေးမှ ဈေးသာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးရှင်စောကပြောသည်။

ရွှေပိတောက်ငါးဈေးသို့ ရေချိုငါး/ပုစွန် ၁၅ မျိုးနှင့် ရေငန်ငါး/ပုစွန်ခုနစ်မျိုး ဝင်ရောက်လျက်ရှိပြီး လက်ရင်းဈေး တစ်ပိဿာလျှင် ငါးသလောက် ငွေကျပ် ၄၀၀၀၀ မှ ၅၀၀၀၀၊ ပုစွန်အကြီး ငွေကျပ် ၃၀၀၀၀၊ ပုစွန်အသေး ငွေကျပ် ၂၀၀၀၀၊


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ငါးကြင်းအကြီး ငွေကျပ် ၈၀၀၀၊ အသေးငွေကျပ် ၇၀၀၀၊ ငါးတန်ငွေကျပ် ၄၅၀၀၊ ရေချိုငါးမုတ် ငွေကျပ် ၃၀၀၀၊ ငါးခေါင်းပွ ငွေကျပ် ၅၅၀၀၊ ငါးမြစ်ချင်း ငွေကျပ် ၄၅၀၀၊ ပြည်ကြီးငါး ငွေကျပ် ၂၇၀၀၀၊ ကင်းမွန် ငွေကျပ် ၁၉၀၀၀၊ ရေဘဝဲ ငွေကျပ် ၁၈၀၀၀၊ ပလာတူး ငွေကျပ် ၃၀၀၀၊ ရွှေငါး ငွေကျပ် ၁၂၀၀၀ ဖြင့်ရောင်းချလျက်ရှိကြောင်းသိရသည်။

**Source: မြန်မာ့အလင်း**

## ယခုနှစ် ခရမ်းချဉ်သီး စိုက်ပျိုးတင်ပို့ရောင်းချသည့်ဈေးကွက် ခန့်မှန်းရခက်ခဲနေ



Source: မြန်မာ့အလင်း

၂၀၂၂ ခုနှစ် ရာသီချိန်အတွင်း ခရမ်းချဉ်သီးစိုက်ပျိုးတင်ပို့ရောင်းချသည့် ဈေးကွက်မှာ ဈေးနှုန်း အတက်အကျ ခန့်မှန်းရခက်ခဲနေကြောင်း မြန်မာနိုင်ငံအထက်ပိုင်း ခရမ်းချဉ်သီး ဈေးကွက်မှသိရသည်။

"ဒီနှစ်အတွက် ခရမ်းချဉ်သီးဈေးကွက်နဲ့ ပတ်သက်တဲ့အခက်အခဲကတော့ ဈေးကွက်က အရင်နှစ်ကထက် ကျဆင်းနေတာပါ။ ပုံမှန်ဆိုရင် ပင်းတယ၊ ရပ်စောက်၊ ရွာငံတို့ဘက်က စိုက်ပျိုးတောင်သူတွေ စုံလာတဲ့အချိန် အသီးထွက်နှုန်းများပြီး ဈေးကျတတ်တယ်။ အသီးမညီတဲ့အချိန် မတ်လကနေ မေလအတွင်းမှာဆိုရင်တော့ နွေသီးဆိုတော့ ဈေးပုံမှန်ရတတ်ပါတယ်။ ဒီနှစ်မှာတော့ ရှမ်းပြည်နယ်ဘက်က ထွက်နေတဲ့ အသီးတစ်ခုတည်းနဲ့တင် ဈေးကောင်းမရဘူးဆိုတော့ တခြားဒေသက အသီးတွေသာ ပြုံထွက်လာမယ်ဆိုရင် ဒီနှစ်ဈေးကွက်က တကယ့်ကိုမှန်းဆရခက်နေပါပြီ" ဟု ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့မှ ခရမ်းချဉ်သီး စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သူ ကိုစိုင်းကပြောသည်။

မြန်မာနိုင်ငံတွင် ခရမ်းချဉ်သီးကို ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်းစသည့် နေရာတော်တော်များများတွင် စိုက်ပျိုးလေ့ရှိကြပြီး ဒေသတစ်ခုနှင့်တစ်ခု စိုက်ပျိုးချိန်များ မတူညီကြပေ။ ရှမ်းပြည်နယ်မှ ထွက်ရှိသည့် ခရမ်းချဉ်သီးအမှည့်ဈေးကွက် မရှိကြောင်းသိရသည်။

"ကျွန်တော်တို့ရှမ်းပြည်ဘက်မှာက ခရမ်းချဉ်သီးအမှည့် ဈေးကွက်မရှိဘူး။ အစိမ်းသီးပဲခူးရောင်းကြတာပါ။ ဘာဖြစ်လို့လဲဆိုတော့ အင်းလေးဒေသရဲ့ ရေပေါ်/ကုန်းပေါ် နေရာတော်တော်များများက ခရမ်းချဉ်စိုက်ပျိုးကြတဲ့အတွက် အထွက်များတယ်။ ရှမ်းတောင်အတွင်းက တခြားဒေသတွေရဲ့ စိုက်ပျိုးမှုလည်းရှိသေးတယ်။ ဒါကြောင့် ပွဲစားတွေက အသီးစိမ်းတွေကို ဝယ်လှောင်ထားပြီး မှည့်ခါနီးတဲ့အသီးတွေကိုမှ ခွဲခွဲရောင်းချကြတယ်။ အသီးစိမ်းတွေဆိုတော့ ဈေးကွက်ကို ချိန်ဆရောင်းချလို့ရတာပေါ့။ အသီးအမှည့်ကျတော့ ညောင်ရွှေဘက်က ပွဲစားတွေကမယူဘူး။ မိတ္ထီလာတို့ မန္တလေးဘက်က ပွဲစားတချို့တော့ ကားနဲ့လာဝယ်တာမျိုးရှိတတ်တယ်" ဟု ၎င်းကဆက်ပြောသည်။ ပုံမှန်အားဖြင့် နှစ်စဉ် မေလမှ စက်တင်ဘာလအတွင်း ကာလများသည် ခရမ်းချဉ်သီး ဈေးကောင်းရရှိသည့်ကာလများဖြစ်ကြပြီး ယခုနှစ်သည် ခရမ်းချဉ်သီးဈေးကွက် မတည်ငြိမ်သည့် နှစ်တစ်နှစ်ဖြစ်ကြောင်း ခရမ်းချဉ်သီးပွဲရုံများထံမှသိရသည်။

**Source: မြန်မာ့အလင်း**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ပြည်ပမှတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့(ဩဂုတ်-၆)တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီနှစ်ခု၊ ယာဉ်စီးရေခုနှစ်စီးဖြင့် နှာခေါင်းစည်း ၂၃ ဒသမ ၆၈ တန် တင်သွင်းခဲ့သည်။ ဩဂုတ် ၁ ရက်မှ ၆ ရက်အတွင်း ကုမ္ပဏီသုံးခု၊ ယာဉ်စီးရေရှစ်စီးဖြင့် နှာခေါင်းစည်း ၃၄ ဒသမ ၈၃ တန် တင်သွင်းခဲ့ကြောင်းသိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့်

www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်းသိရသည်။

**Source: ကြေးမုံ**

## မော်စကို-ဖူးခက် တိုက်ရိုက်လေကြောင်း ခရီးစဉ်ကြောင့် ရုရှားခရီးသွား တစ်သန်းဝင်ရောက်ဖို့ မျှော်မှန်းထားတဲ့ထိုင်း

ရုရှားနိုင်ငံရဲ့ အကြီးဆုံးလေကြောင်းလိုင်းဖြစ်တဲ့ Aeroflot က ဒီနှစ်ဆောင်းရာသီကနေစလို့ မော်စကို-ဖူးခက်တိုက်ရိုက်လေကြောင်းခရီးစဉ်ကို ပြန်လည်ပြေးဆွဲသွားတော့မှာဖြစ်ပါတယ်။ ဒီလိုလေကြောင်းခရီးစဉ် တိုက်ရိုက်ပြေးဆွဲမှုကို လပေါင်းများစွာကြာ ရပ်တန့်ထားခဲ့ရာမှ သိပ်မကြာတော့တဲ့ အချိန်အတွင်းမှာ ပြန်လည်ပြေးဆွဲဖို့ လုပ်ဆောင်လာတာပါ။

၂၀၂၂ ခုနှစ်အတွင်း ဇူလိုင် ၂၆ ရက်အထိ ထိုင်းနိုင်ငံကို ရုရှားနိုင်ငံသားခရီးသွားဝင်ရောက်မှုဟာ ၇၆၇၃၉ ဦးသာရှိပြီး အများစုက ရုရှား-ယူကရိန်း ပဋိပက္ခမဖြစ်ခင်က ဝင်ရောက်ထားကြသူတွေဖြစ်ပါတယ်။ အခုတော့ မော်စကို-ဖူးခက် တိုက်ရိုက်လေကြောင်း ခရီးစဉ်ကိုပြန်လည်စတင်တော့မှာဖြစ်တဲ့အတွက် ဒီနှစ်အတွင်းမှာ ရုရှားခရီးသွား တစ်သန်းခန့်ကို ထိုင်းနိုင်ငံကလက်ခံရရှိဖို့ မျှော်လင့်လာနိုင်ပြီဖြစ်ပါတယ်။

Aeroflot လေကြောင်းလိုင်းက မော်စကို-ဖူးခက် တိုက်ရိုက်လေကြောင်းခရီးစဉ်ကို အောက်တိုဘာ ၃၀ ရက်ကနေစပြီး နေ့စဉ်ပျံသန်း ပြေးဆွဲပေးသွားမယ်လို့ အတည်ပြုထုတ်ပြန်ထားကြောင်း ထိုင်းနိုင်ငံခရီးသွား လုပ်ငန်းအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ ယူသာဆက်ဆူပါဆွန်းက ပြောပါတယ်။

Aeroflot အပါအဝင် ရုရှားလေကြောင်းလိုင်း အများအပြားက ဒီနှစ်အတွင်း မတည်ငြိမ်တဲ့ ကမ္ဘာ့နိုင်ငံရေး အခြေအနေတွေကြောင့် ဖူးခက်သို့လေကြောင်း ခရီးစဉ်ပျံသန်းပြေးဆွဲမှုကို မတ်လကတည်းက ရပ်တန့်ထားခဲ့တာပါ။ "ထိုင်းနဲ့ရုရှားနိုင်ငံတို့ကြား ခရီးသွားလုပ်ငန်းအေဂျင်စီတွေက ခရီးသွားလုပ်ငန်းအတွက် ဆွေးနွေးရာမှာ သူတို့အနေနဲ့ ထိုင်းနိုင်ငံရဲ့ခရီးသွားလုပ်ငန်းအပေါ်ယုံကြည်မှုလည်းရှိပါတယ်။ လာလည်းလာချင်ပါတယ်။ ဒါပေမဲ့ တစ်ခုတည်းသော ပြဿနာက သွားလာနိုင်ရေးပါပဲ။ ဒီအတွက်လည်း Aeroflot သူတို့ရဲ့ခရီးစဉ်ကို စီစဉ်ထားတဲ့ အတိုင်း ပြန်လည်စတင်နိုင်မယ်ဆိုရင် တခြားလေကြောင်းလိုင်းတွေကလည်း သူတို့ရဲ့ပျံသန်းပြေးဆွဲမှုတွေကို သိပ်မကြာခင်မှာ ပြန်လည်လုပ်ဆောင်လာနိုင်မှာပါ။ ဒါကြောင့် ဒီနှစ်ရဲ့ စတုတ္ထသုံးလပတ်မှာ ထိုင်းနိုင်ငံအတွင်း ခရီးသွားဝင်ရောက်မှု မြန်ဆန်စွာမြင့်တက်လာမယ်လို့ ကျွန်တော်တို့အနေနဲ့ မျှော်မှန်းထားပါတယ်"လို့ ယူသာဆက်ဆူပါဆွန်းက ပြောပါတယ်။

Thai Airwaysနဲ့ Thai Air Asia Xတို့လိုမျိုး ထိုင်းနိုင်ငံရဲ့လေကြောင်းလိုင်းတွေကလည်း မော်စကို-ဖူးခက် လမ်းကြောင်းကို ပျံသန်းပြေးဆွဲလိုပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့လများ အတွင်းတုန်းက ဥရောပကချမှတ်ထားတဲ့ အရေးယူပိတ်ဆို့မှုတွေကြောင့် လေယာဉ်ပြုပြင်ထိန်းသိမ်းမှုအတွက် အပိုပစ္စည်းတွေကို မရနိုင်ခဲ့ပါဘူး။ ဒါ့အပြင် တချို့သော အခြေအနေတွေအတွက် အာမခံလည်း မပေးနိုင်တဲ့ အနေအထားဖြစ်ပွားခဲ့ပါတယ်။

အခုတော့ ဥရောပသမဂ္ဂက နိုင်ငံတကာ အရပ်ဘက်လေကြောင်းလိုင်းအတွက် နည်းပညာပိုင်းဆိုင်ရာ ကင်းလွတ်ခွင့်တွေကို ဇူလိုင် ၂၇ ရက်မှာ ကြေညာပေးလိုက်တာကြောင့် အရပ်ဘက်လေယာဉ်နဲ့ ပတ်သက်တဲ့ အစိတ်အပိုင်းများကို တင်သွင်းလို့ရသွားပါပြီ။ ဒီအတွက် သိပ်မကြာခင်အချိန်မှာ ထိုင်းနိုင်ငံနဲ့ရုရှားနိုင်ငံတို့ကြား တိုက်ရိုက်လေကြောင်းခရီးစဉ်တွေလည်း ပေါ်ပေါက်လာနိုင်ပါတယ်။

ထိုင်းနိုင်ငံက ဒီနှစ်ဇန်နဝါရီ ၁ ရက်ကနေ ဇူလိုင် ၂၆ ရက်အထိ နိုင်ငံတကာခရီးသွား ၃ ဒသမ ၁၂ သန်းကိုသာ လက်ခံရရှိထားတာပါ။ ဒါ့အပြင် ထိုင်းနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ဝင် ၁၆၀၀ ရှိတဲ့အနက် ၁၀ ရာခိုင်နှုန်းကသာ သူတို့ရဲ့လုပ်ငန်းကို ပြန်လည်စတင်နိုင်သေးတာဖြစ်ပါတယ်။ သို့သော်လည်း သိပ်မကြာတော့တဲ့အချိန်အတွင်းမှာ ထိုင်းခရီးသွားလုပ်ငန်းအများအပြားက သူတို့ရဲ့ လုပ်ငန်းတွေကိုပြန်လည် စတင်နိုင်တော့မှာဖြစ်တဲ့အပြင် ဟိုတယ်လုပ်ငန်းအများစုကလည်း ပိတ်ထားတာကြာနေပြီဖြစ်တဲ့ သူတို့ရဲ့ဟိုတယ်တွေကို ပြန်လည်ဖွင့်လှစ်နိုင်ဖို့ ပြင်ဆင်မှုတွေလုပ်နေတာကို တွေ့လာရပါတယ်။

**Ref: Bangkok Post**

https://www.myawady.net.mm/node/28924

## လေးလတာ ကာလအတွင်း ပြည်ပသို့ ငါးတန်ချိန် ရှစ်သောင်းကျော် တင်ပို့ပြီးဖြစ်

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ လေးလတာကာလအတွင်း ပြည်တွင်းမှပြည်ပသို့ ငါးတန်ချိန် ရှစ်သောင်းကျော်တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ ၉၁ သန်းကျော်ရရှိပြီးဖြစ်ကြောင်း ငါးလုပ်ငန်း ဦးစီးဌာနမှ သိရသည်။

အဆိုပါကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ငါးတန်ချိန် ၃၃၂၈၈ ဒသမ ၈၁၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၀၈၉ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ ငါးတန်ချိန် ၄၇၀၄၅ ဒသမ ၆၀၅ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၄၉၅ သန်း ရရှိသည့်အတွက် ပြည်ပသို့ငါးတန်ချိန်စုစုပေါင်း ၈၀၃၃၄ ဒသမ ၄၂၃ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၉၁ ဒသမ ၅၈၄ သန်းရရှိခဲ့ခြင်းဖြစ်သည်။ "ပြည်ပကို ငါးတင်ပို့မှုအနေနဲ့ ငါးတံခွန်၊ ငါးမြစ်ချင်း၊ ငါးသလောက်၊ ရွှေငါးနဲ့ ငါးရှဉ့်အရှင် စတာတွေ အများဆုံးတင်ပို့တယ်။ ထိုင်း၊ တရုတ်၊ ဆော်ဒီအာရေဗျ၊ ဂျပန်၊ စင်ကာပူ၊ UAE၊ ဘင်္ဂလားဒေ့ရှ်၊ ဗြိတိန် စတဲ့နိုင်ငံတွေကို ပုံမှန်ကုန်သွယ်ရေးနဲ့ နယ်စပ်ကုန်သွယ်ရေးတွေကနေ တင်ပို့တယ်' ဟု ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာ ကာလအတွင်း ပြည်ပသို့ ငါးတင်ပို့မှု အနေဖြင့် ပုံမှန်ကုန်သွယ်မှုမှ ၇၉၈၂၈ ဒသမ ၄၉၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၁၆ ဒသမ ၁၅၉ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ ၁၆၃၇၀၁ ဒသမ ၁၅၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၄၂ ဒသမ ၂၄၄ သန်း ရရှိသည့်အတွက် စုစုပေါင်း ငါးတင်ပို့မှု ၂၄၃၅၂၉ ဒသမ ၆၅၆ တန်ရှိပြီး အမေရိကန်ဒေါ်လာ ၂၅၈ ဒသမ ၄၀၃ သန်း ရရှိခဲ့ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/29006

## အိန္ဒိယတောင်ပိုင်းမှာ တစ်နှစ်လျှင် တန်ချိန် ၄ သန်း ထုတ်လုပ်နိုင်ရန် ဆီအုန်း အကြီးအကျယ် စတင်စိုက်ပျိုး



https://www.foodindustrydirectory.com.mm

Pullarao Daravathu နှင့် အိန္ဒိယတောင်ပိုင်းရှိ တလန်ဂါနာ Telangana ပြည်နယ်မှ ထောင်နှင့်ချီသောတောင်သူလယ်သမားများသည် ၎င်းတို့၏ဇာတိ ပြည်နယ်တွင် ဆီအုန်းစိုက်ပျိုးရန် အလုပ်များနေကြသည်။

ဆယ်စုနှစ်များအတွင်း နိုင်ငံတစ်ခုလုံးရှိ စိုက်ပျိုးထားသည့် ဆီအုန်းစိုက်ခင်း ဧရိယာထက် ကျော်လွန်အောင် ၄ နှစ်တာအတွင်း တိုးချဲ့စိုက်ပျိုးကြမည်။ တလန်ဂါနာမှာ ဆီအုန်းစိုက်ခင်းဧရိယာ ၂ သန်းကို လာမယ့် ၄ နှစ်တာမှာ တိုးချဲ့စိုက်ပျိုးရန် လျာထားပါသည်။ ထို့အတွက် ဆည်မြောင်းတာတမံများလည်း တည်ဆောက်နေသည်။ အပင်ပေါက်အမြောက်အမြားကိုလည်း သန်းချီသော အရေအတွက်ဖြင့် ပြည်ပမှ မှာယူတင်သွင်းနေပါသည်။

လယ်သမားများကိုလည်း ဆီအုန်းစိုက်ပျိုးကြဖို့ တိုက်တွန်းအားပေးနေပါသည်။ အကြမ်းအားဖြင့် ဆီအုန်းစိုက်ခင်း တစ်ဧကလျှင် တစ်နှစ်ဝင်ငွေ ရူပီး ၂ သိန်းကျော်ရရှိပါသည်။ စပါးတစ်ဧကစိုက်လျှင် တစ်နှစ် ရူပီး ၄ သောင်းဝန်းကျင်သာရရှိပြီး ဆီအုန်းစိုက်သည်ထက် လုပ်ပိုပင်ပန်းပါသည်။ အိန္ဒိယနိုင်ငံသည် ဟင်းသီးဟင်းရွက်ဆီ တစ်နှစ်လျှင် ကန်ဒေါ်လာ ၁၈.၉ ဘီလီယံဖိုး တင်သွင်းရပါသည်။ ထို့အတွက် တိုင်းပြည်တွင် ကုန်သွယ်ရေးလိုငွေပြစေသည်။

ဟင်းသီးဟင်းရွက်ဆီအမျိုးမျိုး ပြည်တွင်းလိုအပ်ချက်၏ သုံးပုံနှစ်ပုံကို ပြည်ပမှတင်သွင်းပါသည်။ သို့ဖြစ်ရာ နှစ်စဉ် တန်ချိန် ၁၄ သန်း ဝန်းကျင်တင်သွင်းပါသည်။ ၎င်းတန်ချိန် ၁၄ သန်းတွင် စားအုန်းဆီ တန်ချိန် ၈.၅ သန်း ပါဝင်ပါသည်။ လာမည့် ၇ နှစ် ၈ နှစ်တွင် တလန်ဂါနာမှ စားအုန်းဆီတစ်နှစ်လျှင် တန်ချိန် ၄ သန်းထုတ်လုပ်နိုင်ရန် ရည်မှန်းချက် ထားရှိပါသည်။ အိန္ဒိယသည် လက်ရှိတွင် တစ်နှစ်လျှင် စားအုန်းဆီ တန်ချိန် ၃ သိန်းအောက်ထုတ်လုပ်ပါသည်။ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ စားအုန်းဆီတင်သွင်းပါသည်။

Source: Reuters

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4780-indian-state-big-on-oil-palm.html

## တရုတ်ပြည်မှ ပြည်ပပို့ကုန် ဂျင်းစိမ်းဈေး ၂ ဆနီးပါး ခုန်တက်



https://www.foodindustrydirectory.com.mm

တရုတ်ပြည်တွင်းဈေးကွက်မှာ လတ်ဆတ်တဲ့ ဂျင်း(ချင်း)ဈေးက ကာလတိုမှာ ဆက်တက်နေဦးမယ်လို့ ခန့်မှန်းထားကြပါတယ်။ စိုက်ပျိုးထုတ်လုပ်တဲ့ စိုက်ခင်း ရှိရာဒေသများတွင် ရာသီဥတုအခြေအနေ မျက်နှာသာမပေးခြင်းနှင့် ကုန်သည်များ ဈေးကစားခြင်းများကြောင့် တရုတ်ပြည်တွင်း ဂျင်းစိမ်းဈေး ကာလတိုအတွင်း ဈေးနှုန်းဆက်လက်မြင့်တက်နေဦးမယ်လို့ ခန့်မှန်းထားကြပါတယ်။

Shandong Zhuoyi သွင်းကုန်ထုတ်ကုန်ကုမ္ပဏီလီမိတက်ဟာ Shandong အခြေစိုက် ဂျင်းတင်ပို့ရောင်းချသည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး ကုမ္ပဏီ ပြောရေးဆိုရေး တာဝန်ခံ မစ္စတာဝမ်က ပြည်ပပို့ကုန် ဂျင်းဈေးကွက်အခြေအနေကို ပြောပြပါတယ်။ “လွန်ခဲ့တဲ့ ၃ ပတ်က CIF ဈေးက တစ်တန်ကို ကန်ဒေါ်လာ ၁,၀၆၀-၁,၁၀၀ ဝန်းကျင်ရှိပါတယ်။ မကြာသေးခင်က ဂျင်းဈေးက တစ်တန်ကို ဒေါ်လာ ၄၀၀ တက်လာတယ်” လို့ မစ္စတာဝမ်က ပြောကြားပါတယ်။ “အခုလို ဈေးတက်တာ အကြောင်းတချို့ကြောင့်ဖြစ်ပါတယ်။ ပထမအချက်မှာ သီးနှံစိုက်ခင်းများမှာ မိုးသည်းထန်စွာရွာသွန်းတာကြောင့် ရာသီသစ် ရိတ်သိမ်းမှုကို ထိခိုက်စေပါတယ်။ အပင်ငယ်အချို့ ရေမြုပ် သေဆုံးပြီး ရာသီသစ် ထုတ်လုပ်မှုပမာဏ ကျဆင်းဖွယ်ရှိပါတယ်။ ဒုတိယအချက်မှာ ကုန်သည်များက ဂျင်းဈေးကွက် အလားအလာကို မှန်းဆကြတာမှာ ဂျင်း ထွက်ရှိမှု ကျဆင်းတဲ့အတွက် ရာသီကုန်ခါနီး အချိန်ကျရင် သိသိသာသာ ဈေးတက်လိမ့်မယ်။ ဒီတော့ သူတို့က အများကြီး ဝယ်ယူပြီး လှောင်နေကြတယ်။ အဲဒီလို ဝယ်ကြတော့ ဈေးတွေ တက်ကုန်တယ်” လို့ မစ္စတာဝမ်က ပြောကြားပါတယ်။

"ပို့ကုန်အနေနဲ့ကတော့ Qingdao ရဲ့ FOB ဈေးနှုန်းက တစ်တန်ကို ကန်ဒေါ်လာ ၉၈၀-၁၁၀၀ ဈေးပေါက်ပါတယ်။ ဈေးနှုန်းမြင့်တက်လာတာကြောင့် နိုင်ငံတကာဈေးကွက်မှာ တရုတ်ဂျင်းတင်ပို့သူများရဲ့ ယှဉ်ပြိုင်မှုအနေအထားကို အားနည်းစေပါတယ်။ ဒီနှစ်မှာ ရရှိတဲ့ ပြည်ပအမှာစာတွေ အရင်နှစ်တွေထက်စာရင် နည်းတယ်" လို့ သူက ပြောပါတယ်။ သင်္ဘောခများ မကြာသေးမီက ကျဆင်းသွားသော်လည်း ပို့ကုန်နှင့် သွင်းကုန်ဈေးကွက်မှာ သင်္ဘောခက အဓိက အခန်းကဏ္ဍမှ ပါဝင်နေဆဲဖြစ်ကြောင်း မစ္စတာဝမ်၏ ပြောကြားချက်အရ သိရပါတယ်။

“Qingdao မှ ဥရောပသို့ လက်ရှိ ပို့ဆောင်ခမှာ ပေ ၂၀ ကွန်တိန်နာတစ်လုံး ကန်ဒေါ်လာ ၈,၅၀၀~၉,၀၀၀ ဝန်းကျင် ရှိပါတယ်။ ပြည်ပမှ တင်သွင်းသူအချို့အဖို့ သင်္ဘောပို့ဆောင်ခ မြင့်မားလွန်းနေပါတယ်။ ဒီတော့ တရုတ်ပြည်ထက် ပိုနီးလို့ သင်္ဘောခသက်သာတဲ့ တောင်အမေရိကနှင့် အခြားဒေသများမှ တင်သွင်းကြပါတယ်။ ဒါဟာ တရုတ်ဂျင်းတင်ပို့မှု ဈေးကွက် အပေါ် သက်ရောက်မှုရှိပါတယ်” လို့ သူက ပြောပြပါတယ်။

ဂျင်းရာသီနှောင်းပိုင်းအတွက် သူ့ရဲ့ဈေးကွက်ခန့်မှန်းချက်တွေကို မေးမြန်းတဲ့အခါ မစ္စတာဝမ်က “ထုတ်လုပ်မှုပမာဏက ကျဆင်းဖို့ မျှော်မှန်းထားတော့ ဈေးနှုန်းကတက်လာဖို့ရှိတယ်" ဒါပေမဲ့ ယခင်ရာသီမှ ဂျင်းလက်ကျန်အပေါ်တွင်လည်း မူတည် နေသေးကြောင်း၊ လာမယ့်ရာသီမှာ ဈေးကွက်ဝယ်လိုအား အခြေအနေပေါ်မှာလည်းမူတည်ကြောင်း သူကပြောကြားပါတယ်။

**Source: freshplaza**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4783-price-of-fresh-ginger.html

## ဇူလိုင်လ ၃၀ ရက်မှ ဩဂုတ်လ ၅ ရက်နေ့အတွင်း အာရှဆန် တစ်ပတ်တာဈေးနှုန်း

အိန္ဒိယနိုင်ငံမှာ စပါးအဓိက စိုက်ပျိုးသောဒေသများ မိုးရွာသွန်းမှု မလုံလောက်သဖြင့် ဆန်ရရှိနိုင်မယ့် ပမာဏအပေါ် စိုးရိမ်မှုများ မြင့်တက်လာတာကြောင့် ထိပ်တန်းဆန်တင်ပို့သူ အိန္ဒိယမှ ဆန်တင်ပို့မှုဈေးနှုန်းများ ယခုသီတင်းပတ်တွင် မြင့်တက်လာခဲ့ပါတယ်။

အိန္ဒိယဆန် ၅% ဆန်ကွဲပါ ပေါင်းဆန်အမျိုးအစား <RI-INBKN5-P1> ခေါ်ဈေး တစ်တန် 364 ~ $370 ရှိပါတယ်။ ယခင် သီတင်းပတ်မှာ $362-$368 ဖြစ်ခဲ့ပါတယ်။ ရူပီးရဲ့ဒေါ်လာငွေလဲနှုန်း မြင့်တက်တာကလည်း ဈေးတက်ဖို့အကြောင်း တစ်ခု ဖြစ်ပါတယ်။

အစိုးရထုတ်ပြန်တဲ့ အချက်အလက်များအရ ယခုရာသီမှာ ဟက်တာ ၂၃.၁၆ သန်း စိုက်ပျိုးထားပါတယ်။ ယခင်နှစ်ထက် ၁၃.၂% နည်းပါတယ်။ မိုးရွာသွန်းမှု နည်းပါးခြင်းကြောင့်ဖြစ်ပါတယ်။ "ဈေးကွက်က ဆန်ထုတ်လုပ်မှုမှာ အထွက်လျော့မှာကို ထိန်းညှိဖို့ ကြိုးစားနေပါတယ်။ အထွက်လျော့တာ ဘယ်လောက်ကြီးမယ်ဆိုတာ ကျွန်တော်တို့ မသိပါဘူး" လို့ ကာကီနာဒါမှ ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ရိုက်တာသတင်းဌာနကို ပြောကြားပါတယ်။


ထိုင်းဆန် ၅% ဆန်ကွဲပါ အမျိုးအစား <RI-THBKN5-P1> ဈေးနှုန်းများ ယခင်သီတင်းပတ်မှာ တစ်တန် $400 ရှိခဲ့ပြီး ယခုသီတင်းပတ်မှာ $412-$425 ဖြစ်လာပါတယ်။ လာမယ့်သီတင်းပတ်မှာ ဆန်သစ်ပေါ်ပါမယ်။

ဗီယက်နမ်ဆန် ၅% ဆန်ကွဲပါ အမျိုးအစား <RI-VNBKN5-P1> ယခင်သီတင်းပတ်မှာ တစ်တန် 395-$413 ရှိခဲ့ပြီး ယခုသီတင်းပတ်မှာ $395-$400 ရှိပါတယ်။ ဗီယက်နမ်ဈေးက အခြား ဆန်တင်ပို့တဲ့နိုင်ငံများထက် ပိုမိုမြင့်မားနေသဖြင့် အရောင်းအေးနေပါတယ်။ ဖိလစ်ပိုင်နှင့် အာဖရိကသို့ အများဆုံး တင်ပို့ပါတယ်။

မြန်မာပြည်တွင်းဆန်ဈေးနှုန်းများ ဆန်အမျိုးအစားအားလုံးနီးပါး ဈေးနှုန်းမြင့်တက်လျက်ရှိပါတယ်။ ဆန်တစ်အိတ်ဈေးနှုန်း သောင်းဂဏန်းအထိမြင့်တက်ပါတယ်။ ဆန်ချော အတက်ကြမ်းနေချိန် ဆန်ကြမ်းဈေးနှုန်းမှာ များများစားစား တက်လာခြင်းမရှိသေးကြောင်း သိရပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4778-weekly-asia-rice-july-30-august-5.html

## ဂျာမနီနိုင်ငံတွင်ပို့ကုန်ဝင်ငွေ ပြန်လည်မြင့်တက်လာခြင်း




ဂျာမနီနိုင်ငံတွင် စီးပွားရေးကျဆင်းမှုဖြစ်ပေါ်နေသော်လည်း ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် ပို့ကုန်ဝင်ငွေ ပြန်လည်မြင့်တက်လာပြီး ကုန်သွယ်မှုပိုငွေရရှိခဲ့ပါသည်။ Federal Statistical Office ၏ ဩဂုတ်လ ၃ ရက်နေ့ထုတ်ပြန်သည့် စာရင်းအရ ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် ပို့ကုန်တန်ဖိုး ယူရို (၁၃၄.၃) ဘီလီယံနှင့် သွင်းကုန်တန်ဖိုး ယူရို (၁၂၇.၉) ဘီလီယံရှိခဲ့ပြီး ကုန်သွယ်မှုပိုငွေ ယူရို (၆.၄) ဘီလီယံရရှိခဲ့ပါသည်။ ပို့ကုန်တန်ဘိုးသည် မေလနှင့် နှိုင်းယှဉ်လျှင် (၄.၅) ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ပြီး အီးယူနိုင်ငံများသို့ (၃.၉) ရာခိုင်နှုန်းနှင့် အခြားနိုင်ငံများသို့ (၅.၃) ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ သွင်းကုန်အနေနှင့် မေလကထက် (၀.၂) ရာခိုင်နှုန်း ပိုမိုတိုးတက်ရရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ်ကာလတူ ဇွန်လနှင့်နှိုင်းယှဉ်လျှင် ပို့ကုန်မှာ (၁၈.၄) ရာခိုင်နှုန်းနှင့် သွင်းကုန်မှာ (၂၇.၉) ရာခိုင်နှုန်း ပိုမိုတိုးတက်ရရှိခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ ဇွန်လတွင် အီးယူအဖွဲ့ဝင်နိုင်ငံများနှင့် ယူရို (၇၂.၉) ဘီလီယံတန်ဖိုးတင်ပို့မှုနှင့် ယူရို (၆၂.၈) ဘီလီယံတန်ဖိုး တင်သွင်းမှုရှိခဲ့ပြီး မေလကထက် ၃.၉ ရာခိုင်နှုန်းနှင့် ၀.၃ ရာခိုင်နှုန်း အသီးသီးတိုးတက်မှုရှိခဲ့ပါသည်။ ရုရှားနိုင်ငံနှင့် ကုန်သွယ်မှုအနေဖြင့် ယူရို (၁.၂) ဘီလီယံတန်ဖိုး တင်ပို့ခဲ့ပြီး မေလနှင့် နှိုင်းယှဉ်လျှင် (၁၄.၅) ရာခိုင်နှုန်းပိုမိုတင်ပို့နိုင်ခဲ့ကာ ယူရို (၃.၅) ဘီလီယံတန်ဖိုး တင်သွင်းမှုရှိခဲ့ပါသည်။ အီးယူပြင်ပနိုင်ငံများသို့ ယူရို (၆၁.၄) ဘီလီယံတင်ပို့မှုရှိခဲ့ရာ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ တင်ပို့မှုအများဆုံးဖြစ်ခဲ့ပြီး မေလကထက် (၆.၂) ရာခိုင်နှုန်းနှင့် (၂.၄) ရာခိုင်နှုန်းအသီးသီး တိုးတက်တင်ပို့မှု ရှိခဲ့ပါသည်။ အဆိုပါနိုင်ငံများမှ ယူရို (၆၅.၁) ဘီလီယံတင်သွင်းမှုရှိခဲ့ရာ တရုတ်နိုင်ငံမှ ယူရို (၁၇) ဘီလီယံဖြင့် အများဆုံး တင်သွင်းမှုပြုခဲ့ပြီး အမေရိကန်နိုင်ငံမှ ယူရို (၈.၅) ဘီလီယံတန်ဖိုး တင်သွင်းခဲ့ပါသည်။

ပို့ကုန်တိုးတက်မှုရှိခဲ့သော်လည်း စီးပွားရေးလုပ်ငန်းများက ဂျာမနီနိုင်ငံ၏ export-driven economy စီးပွားရေး အလားအလာအပေါ် လက်ရှိလောင်စာစွမ်းအင်ဈေးနှုန်းမြင့်တက်မှု၊ supply chain မတည်ငြိမ်မှုနှင့် ငွေကြေးဖောင်းပွမှု အခြေအနေများကြောင့် ကျဆင်းနိုင်လာနိုင်မည့် အနေအထားကိုသာ ရှုမြင်သုံးသပ်နေကြပါသည်။ ဇွန်လအတွင်း စီးပွားရေး

လုပ်ငန်းများ၏ ထုတ်လုပ်မှုမှာ မေလကထက် ၀.၄ ရာခိုင်နှုန်းတိုးတက် ထုတ်လုပ်မှုရှိခဲ့သော်လည်း ထုတ်လုပ်မှုကဏ္ဍရှိ အမှာစာအသစ်များ လက်ခံရရှိမှုမှာ မေလနှင့်နှိုင်းယှဉ်လျှင် ၀.၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ လက်လီလုပ်ငန်းများ အရောင်းဝင်ငွေသည်လည်း မေလနှင့်နှိုင်းယှဉ်လျှင် ၁.၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ အသားထုတ်လုပ်သည့်လုပ်ငန်းများမှ ၂၀၂၂ ခုနှစ်၊ ပထမနှစ်ဝက်တွင် တန်ချိန် (၃.၅) သန်းအောက်သာထုတ်လုပ်ခဲ့ပြီး ကာလတူထက် (၇.၉) ရာခိုင်နှုန်းလျော့နည်းဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတွင်း ခရီးတိုသွားလာမှုများမှာ ပထမ (၃) လကထက် ၄၆ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး 9 euro ticket ကို အသုံးပြုမှုများခြင်းကြောင့်လည်းဖြစ်နိုင်ကြောင်း၊ ဘီယာရောင်းချရမှုမှာမူ ၂၀၂၂ ခုနှစ်၊ ပထမနှစ်ဝက်အတွင်း လီတာပေါင်း (၄.၃) ဘီလီယံရှိခဲ့ပြီး ယခင်နှစ်ကာလတူ ထက် ၃.၈ ရာခိုင်နှုန်းအားဖြင့် တိုးတက်မှုရှိကြောင်း သိရှိရပါသည်။ လာမည့်ဆောင်းရာသီအတွက် ဓါတ်ငွေ့လုံလောက်စွာရရှိမှုများမှာ စိန်ခေါ်မှု တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

၂၀၂၂ ခုနှစ်၊ ပထမ (၃) လအတွင်း စီးပွားရေးတိုးတက်မှု (၀.၂) ရာခိုင်နှုန်းမျှော်မှန်းထားမှုအတွက် ပြန်လည်တွက်ချက်မှုများအရ (၀.၈) ရာခိုင်နှုန်း ရရှိခဲ့ပြီး ဧပြီလမှ ဇွန်လအတွင်း စီးပွားရေးအခြေအနေမှာ ရပ်တန့်နေပြီး (stagnation) ဒုတိယ (၃) လအတွက် စီးပွားရေးတိုးတက်မှုနှုန်းကို သုညရာခိုင်နှုန်းအဖြစ် သတ်မှတ်ဖော်ပြထားပါသည်။ ဇူလိုင်လအတွက် ငွေကြေးဖောင်းပွမှုမှာ (၇.၅) ရာခိုင်နှုန်းနှင့် အလုပ်လက်မဲ့မှုမှာ (၅.၄) ရာခိုင်နှုန်းတွင်ရှိနေပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)**

**Sources:https://www.thelocal.de/20220803/german-exports-rise-again-despite-slowdown-fears/**

**https://www.destatis.de/EN/Press/2022/08/PE22_325_51.html**

## STOCK EXCHANGE (8.8.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 8th Aug. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,000 | -100 | -1.41% | 7,100 | 7,300 | 7,000 | 655 | 4,622,500 | 33,109,694 | 231,768 |
| MTSH | 00002 | 2,450 | -50 | -2.00% | 2,500 | 2,500 | 2,450 | 870 | 2,171,800 | 38,929,150 | 95,376 |
| MCB | 00003 | 7,000 | +0 | +0.00% | 6,900 | 7,000 | 6,900 | 476 | 3,303,300 | 10,400,986 | 72,807 |
| FPB | 00004 | 17,500 | -500 | -2.78% | 17,500 | 17,500 | 17,500 | 2 | 35,000 | 2,472,053 | 43,261 |
| TMH | 00005 | 2,400 | +50 | +2.13% | 2,350 | 2,400 | 2,350 | 20 | 47,900 | 12,823,224 | 30,776 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 19,977,223 | 48,944 |
| AMATA | 00007 | 4,900 | -100 | -2.00% | 5,000 | 5,000 | 4,900 | 43 | 210,800 | 10,497,598 | 51,438 |


### Market summary

As of 8th Aug. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 330.17 | -3.97 | -1.19% | 333.43 | 336.48 | 330.17 | 2,066 | 10,391,300 | 7 | 574,370 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 8th Aug. 2022

| MYANPIX | 330.17 ▼ 3.97 |
|---|---|
| Total Volume (shares) | 2,066 |
| Total Value (MMK) | 10 mil |
| Listed Company | 7 |
| Market Cap. (MMK) | 574,370 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,000 | ▼ 100 |
| MTSH | 00002 | 2,450 | ▼ 50 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 17,500 | ▼ 500 |
| TMH | 00005 | 2,400 | ▲ 50 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 4,900 | ▼ 100 |

TIR